ဓမ္မဒါနကုသိုလ်ရှင်

၀

နတ်လူသာစုခေါ်စေသော်


အောင်ဇမ္ဗူ ပုံနှိပ်လုပ်ငန်း
အမှတ်(၁၅၂)၊ (၂၂)လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၁-၃၈၄၁၉၃

DHAMMAVIJJĀLAYA
2546 2003
CENTRE FOR BUDDHIST STUDIES

ဓမ္မအသိဖြင့် အကျိုးရှိရှိနေမည်

အမှတ်စဉ်(၆၀)

# နိဗ္ဗာန်သို့ ဦးတည်သွားနေသူ

အဂ္ဂမဟာပဏ္ဍိတ
အရှင်နန္ဒမာလာဘိဝံသ (Ph.D)

ဒေါက်တာ အရှင်နန္ဒမာလာဘိဝံသ

# နိဗ္ဗာန်သို့ ဦးတည်သွားနေသူ

ကွန်ပျူတာစာစီ
အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်

ထုတ်ဝေသူ
အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်
ညွှန်ကြားရေးမှူး ဦးဘဟိန်း
မှတ်ပုံတင်အမှတ်(၀၄၃၇၂/၂၀၁၁)က ပုံနှိပ်ထုတ်ဝေသည်။

တရားစာအုပ်များကို
ဓမ္မစာပေ အလှူငွေဖြင့် ပုံနှိပ်ဖြန့်ဝေသည်

# နိဗ္ဗာန်သို့ ဦးတည်သွားနေသူ
## (ဒါရကၡနွောပမသုတ် အနှစ်ချုပ်)

### မှတ်တမ်း

သာသနာတော်နှစ် ၂၅၅၃ ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၇၂ ခုနှစ်၊ ကဆုန်လဆန်း ၁၄ရက်၊ ရန်ကုန်တိုင်း ပုဇွန်တောင်မြို့နယ် အမှတ်(၅)ရပ်ကွက် ဝါတွင်းဝါပ သံဃာ့ဒါန ဆွမ်းလောင်းအသင်း၏ ဝါတွင်း(၆၂)ကြိမ်၊ ဝါပ ဒုတိယအကြိမ် ဆွမ်းလောင်းအောင်ပွဲ အထိမ်းအမှတ်အဖြစ်ဖြင့် ဆင်ယင်ကျင်းပပြုလုပ်အပ်သည့် စတုတ္ထအကြိမ်မြောက် အထူး တရားပွဲ၌ ဟောကြားအပ်သော **"နိဗ္ဗာန်သို့ ဦးတည်သွားနေသူ"** တရားဒေသနာတော်။

သာသနာတော်နှစ်က ၂၅၅၃ ခုနှစ်ပဲ ရှိသေး တာပေါ့၊ ကဆုန်လပြည့်ကျော် (၁)ရက်နေ့ရောက်မှ သာသနာတော်နှစ်က ၂၅၅၄ ခုနှစ် ဖြစ်မယ်။ ကဆုန် လပြည့်ကျော် (၁)ရက်နေ့မှာ သာသနာနှစ်ကူးတယ်လို့ မှတ်ထားရမယ်၊ မြန်မာသက္ကရာဇ်ကတော့ ကူးသွား

ပြီပေါ့။ ၁၃၇၂ ခုနှစ် ဖြစ်သွားပြီ၊ သာသနာသက္ကရာဇ်က ကဆုန်လပြည့်ကျော် (၁)ရက်နေ့မှ ကူးမှာ၊ ဒါလေးကို သတိပြုပြီး မှတ်ထားဖို့တော့ လိုလိမ့်မယ်၊ ကဆုန်လပြည့်ကျော် (၁)ရက်နေ့ဆိုရင် သာသနာတော်နှစ်က ၂၅၅၄ ခုနှစ်။ ၂၅၅၄ ဆိုတာ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံသွားတာ နှစ်ပေါင်း ၂၅၅၄ ရှိပြီလို့ ပြောတာဖြစ်တယ်၊ ဗုဒ္ဓရဲ့ ပရိနိဗ္ဗာန်နှစ်ကို ပြောတာ၊ သာသနာတော် စပြီးတော့ ပေါ်ထွန်းတဲ့နှစ် မဟုတ်ဘူး၊ မြတ်စွာဘုရားက (၄၅)ဝါအရ သက်တော်(၈၀)ပြည့်ပြီး ကဆုန်လပြည့်နေ့မှာ ပရိနိဗ္ဗာန်စံတော့ ကဆုန်လပြည့်ကျော် (၁)ရက်နေ့ကနေစပြီး သာသနာတော်နှစ်ကို (၁)လို့ တွက်လာခဲ့တယ်၊ အဲဒီတော့ သာသနာသက္ကရာဇ်ရဲ့ နှစ်ဆန်း (၁)ရက်နေ့ဟာ ကဆုန်လပြည့်ကျော် (၁)ရက်နေ့လို့ ပုံသေမှတ်ထားလို့ ရတယ်နော်။

အေး၊ ကောင်းပြီ **နိဗ္ဗာန်သို့ ဦးတည်သွားနေသူ** ဆိုတာ ဘယ်သူလဲ? ဗုဒ္ဓဘာသာဝင် သူတော်စင်တို့ဟာ ဘယ်ကောင်းမှုပဲပြုပြု "**ဣဒံ မေ ပုညံ နိဗ္ဗာနဿ**

ပစ္စယော ဟောတု” လို့ နိဗ္ဗာန်ကို ဦးတည်ပြီးတော့ ဆုတောင်းကြတယ်။ ဗုဒ္ဓဘာသာဝင်တို့ရဲ့ ဦးတည်ချက် ဟာ နိဗ္ဗာန်ပဲဖြစ်တယ်၊ တစ်ခြားဘာသာတွေမှာလည်းပဲ သူတို့ရဲ့ ဦးတည်ချက်တွေ ရှိတာပေါ့နော်၊ သို့သော် ဗုဒ္ဓဘာသာဝင်တို့ရဲ့ ဦးတည်ချက်ကတော့ နိဗ္ဗာန်ပဲ ဖြစ်တယ်၊ လူတိုင်းလူတိုင်းဟာ နိဗ္ဗာန်ကိုမျှော်လင့်ကြ တယ်၊ နိဗ္ဗာန် ဦးတည်ချက်နဲ့ နိဗ္ဗာန်ကို ရည်စူးပြီး ကုသိုလ်ကောင်းမှုကို လုပ်ကြတယ်။

အဲဒီတော့ နိဗ္ဗာန်ကို ဖြောင့်ဖြောင့်တန်းတန်း ရောက်သွားဖို့ နိဗ္ဗာန်ကို ဦးတည်သွားနေတဲ့သူကတော့ လူတိုင်း ဖြစ်ချင်မှ ဖြစ်မယ်ပေါ့။ ဘယ်လိုပဲ ဆုတောင်း ဆုတောင်း နိဗ္ဗာန်လမ်းကြောင်းပေါ်မှာ ရောက်ပြီးတော့ နိဗ္ဗာန်ကို ဦးတည်နေတဲ့သူဆိုတာ ဘယ်လို အခြေအနေ တွေ ရှိရမှာလဲ၊ ဒါ သိဖို့လိုအပ်တယ်ပေါ့။ အဲဒီတော့ နိဗ္ဗာန်ကို ဦးတည်နေတဲ့သူဟာ ဘယ်သူလဲ၊ ဆုတောင်းမှု နဲ့ ဦးတည်နေသူကိုပြောတာ မဟုတ်ဘူး၊ သို့သော် သူ့ကို ဦးတည်နေသူလို့တော့ ပြောလို့ရတယ်ပေါ့။

သို့သော် ဒါရုက္ခန္ဓောပမသုတ်မှာ တကယ့်ကို နိဗ္ဗာန်ရောက်ဖို့ သေချာနေတဲ့ ပုဂ္ဂိုလ်ရဲ့ လိုအပ်တဲ့ အရည်အချင်းတွေ ဘာတွေလဲ ဆိုတာကို မြတ်စွာဘုရား ဟောကြားခဲ့တယ်။ ဒီ ဒေသနာတော်ကို ကြားနာမှတ်သားပြီး ဒို့တတွေ နိဗ္ဗာန်သွားဖို့ လမ်းကြောင်းပေါ်မှာ ဦးတည်နေတဲ့သူတွေ ဟုတ်လားလို့ (သို့မဟုတ်) နိဗ္ဗာန်ကို မရောက်နိုင်အောင် လမ်းကြောင်းမှာ အခက်အခဲတွေ ရှိပြီးတော့ လမ်းမှာပဲ သောင်တင်နေတဲ့ သူတွေများ ဖြစ်မလား ဆိုတာကို ကိုယ့်ကိုယ်ကို ဆုံးဖြတ်လို့ရတာပေါ့။

ဒို့တွေ နိဗ္ဗာန်နဲ့ နီးနေပြီလား၊ နိဗ္ဗာန်ကို ဦးတည်သွားနေတာ ဟုတ်ကဲ့လားဆိုတာ ကိုယ့်ကိုယ်ကို ဆုံးဖြတ်ရမယ်၊ မြတ်စွာဘုရားက တရားဓမ္မကို ဟောတဲ့အခါမှာ နိဗ္ဗာန်လမ်းကြောင်းကို ရှင်းလင်းပြီးတော့ ဟောတာ၊ ဘယ်နေရာမှာပဲဖြစ်ဖြစ် ကိုယ့်ရဲ့ပတ်ဝန်းကျင် ရှုမြင်စရာတွေ၊ တွေးတောစရာတွေ၊ မှတ်သားလိုက်နာစရာတွေ မြောက်များစွာရှိတယ်။ အဲဒီမြောက်များစွာ ရှိတာ

တွေကို မြတ်စွာဘုရားက ရှင်းပြပြီး နိဗ္ဗာန်လမ်းကြောင်း ပေါ် ဦးတည်မိသွားအောင် ဆွဲတင်ပေးတယ်ပေါ့။

သဘာဝတရားတွေဟာ ကိုယ့်ရဲ့ပတ်ဝန်းကျင်မှာ ရှိနေတာ ဖြစ်သောကြောင့် (သို့မဟုတ်) ကိုယ့်သန္တာန်နဲ့ ကိုယ့်ပတ်ဝန်းကျင်မှာ ရှိနေတာ ဖြစ်သောကြောင့် ကြည့်တတ်မြင်တတ်ဖို့ပဲလိုတယ်၊ ကြည့်တတ်မြင်တတ်မှ နိဗ္ဗာန်လမ်းကြောင်းပေါ် ရောက်မယ်၊ မကြည့်တတ် မမြင်တတ်ဖူးဆိုရင် နိဗ္ဗာန်ဟာ ဘယ်ဝယ်ဆီသို့ ရည်မှန်း ရမယ် ဆိုတာကို မသိနိုင်ကြဘူးပေါ့။

ဒါကြောင့်မို့ မြတ်စွာဘုရားဟောတဲ့ နိဗ္ဗာန်ဆိုတာ အဝေးကြီးတော့မဟုတ်ဘူး၊ အနီးလေးပဲ၊ နိဗ္ဗာန်ဟာ ကိုယ်နဲ့ ကပ်နေတာတောင်မှပဲ မမြင်နိုင်ကြဘူးတဲ့၊ လောကမှာ နီးပေမယ့်လို့ မမြင်ရတာတွေ အများကြီး ရှိတယ်၊ ဝေးပေမယ့်လို့ မြင်နေရတာတွေရှိတယ်၊ **"သန္တိကေ န ဝိဇာနန္တိ၊ မဂ္ဂါ မွေသသာ' ကောဝိဒါ"** တရား မွေနဲ့ ပတ်သက်ပြီး လိမ္မာကျွမ်းကျင်မှုမရှိတဲ့ ပုဂ္ဂိုလ် တွေဟာ မိမိရဲ့ အနီးအပါးမှာ နိဗ္ဗာန်ရှိနေလျက်နဲ့ ထို

နိဗ္ဗာန်ကို မတွေ့နိုင်ကြဘူးတဲ့၊ နီးပေမယ့် မတွေ့နိုင်ဘူး လို့ပြောတာ။

နိဗ္ဗာန်ဆိုတဲ့အရာဟာ ဗုဒ္ဓဘာသာဝင် သူတော်စင်တွေ မျှော်လင့်ပြီးတော့ ဆုယူပန်ဆင်နေကြတာ ဖြစ်တယ်။ နိဗ္ဗာန်ဆိုတဲ့ အရာဟာ တစ်ချို့ပုဂ္ဂိုလ်တွေ အဖို့တော့ မမျှော်မှန်းနိုင်လောက်အောင် ဝေးကွာနေပေမယ့်လို့ တစ်ချို့ပုဂ္ဂိုလ်တွေအဖို့တော့ အလွန်နီးတဲ့ အရာဖြစ်တယ်။ လူပေါ်မှာ မူတည်တယ်လို့ ပြောတာနော်၊ တစ်ချို့ ပုဂ္ဂိုလ်တွေအတွက် နိဗ္ဗာန်ဟာ အလွန်နီးနေသော်လည်း တစ်ချို့ပုဂ္ဂိုလ်တွေအတွက် နိဗ္ဗာန်ဟာ အလွန်ဝေးတယ်၊ အေး ဒါကြောင်မို့လို့ နိဗ္ဗာန်နဲ့ နီးချင်လို့ရှိရင် နိဗ္ဗာန်ကို ဦးတည်သွားနေတဲ့ လမ်းကြောင်းပေါ်ကို လျှောက်လှမ်းကြဖို့ လိုအပ်တယ်။

နိဗ္ဗာန်သွားတဲ့လမ်းမှာ အနှောင့်အယှက် အဟန့်အတားတွေ ရှိတယ်၊ အဲဒီ အနှောင့်အယှက် အဟန့်အတားတွေ ရှိနေမယ်ဆိုရင် နီးနေလျက်နဲ့ ဝေးနေကြဦးမှာပဲ၊ အဲဒီတော့ နီးလျက်နဲ့ မဝေးကြရအောင် အနှောင့်

အယှက် အဟာန့်အတားတွေကို အဟာန့်အတားမှန်း သိပြီးတော့ ဖြတ်ကျော်ဖို့လိုတယ်၊ အဟာန့်အတားမှန်း မသိလို့ရှိရင် ထိုအဟာန့်အတားသည်ပင်လျှင် ကိုယ့်အတွက် ပျော်စရာဌာနကြီးတစ်ခု ဖြစ်ပြီးတော့ လိုချင်တာကတော့ နိဗ္ဗာန်၊ ရနေတာကတော့ သံသရာဆိုတာ ဖြစ်နေမှာပေါ့။

အဲဒီတော့ နိဗ္ဗာန်သွားချင်ပြီဆိုရင် အရည်အချင်း (၈)မျိုးနဲ့ ပြည့်စုံနေဖို့ လိုအပ်တယ်။ နိဗ္ဗာန်ခရီးလမ်းမှာ သတိထားရမယ့်နေရာတွေ ရှိတယ်ပေါ့၊ အဲဒီလို သတိထားရမယ့်နေရာတွေကို မြတ်စွာဘုရားက ရှင်းလင်းဖော်ပြပြီးတော့ ဟောထားတယ်။ အဲဒီသုတ္တန်ကို **ဒါရုက္ခန္ဓောပမသုတ္တန်** လို့ခေါ်တယ်။ မြန်မာပြည်က တရားနာ ပရိသတ်တွေ မကြာခဏ နာဖူးကြတယ်။

မြတ်စွာဘုရားက **ကောသမ္ဗီပြည်** (ကောသမ္ဗီပြည်ဆိုတာ ဒီကနေ့ခေတ် အိန္ဒိယနိုင်ငံ Alharbad ဆိုတဲ့ မြို့နားမှာရှိတယ်) ဂင်္ဂါမြစ်နဲ့ ယမုံနာမြစ်ရဲ့ ဆုံစည်းရာ နေရာမှာ ရှိတဲ့အတွက်ကြောင့် မြစ်နဲ့လည်းနီးတယ်၊

စိတ်ထဲက မျှော်မှန်းပြီးတော့ကြည့်လိုက်၊ ကောသမ္ဗိပြည်မှာ မြတ်စွာဘုရား သီတင်းသုံးနေတဲ့အချိန် ဂင်္ဂါမြစ်ကမ်းကို ခေတ္တခဏ ရောက်ရှိလာတယ်၊ နောက်ပါ ရဟန်းတွေနဲ့အတူ ဂင်္ဂါမြစ်ကမ်းကို ရောက်လာတယ်၊ ရောက်လာတဲ့အခါ ဂင်္ဂါမြစ်ထဲမှာ သစ်တုံးကြီးတစ်တုံးဟာ ပေါလောပေါလောနဲ့ မျောနေတယ်၊ ရေစီးကြောင်းအတိုင်း မျောသွားတယ်၊ ကြည့်နော် သာမန်မြင်ကွင်းပဲဖြစ်တယ်၊ သာမန်တွေးမယ်ဆိုရင် ဒါဟာ သာမန်မြင်ကွင်းပဲလေ၊ မြစ်နား ကမ်းနားနေတဲ့ ပုဂ္ဂိုလ်တွေ မြစ်ထဲမှာ သစ်တုံးမျောလာတာ မမြင်ဖူးဘူးလား၊ မြင်ဘူးတယ်နော်။

သာမန်မြင်ကွင်း တစ်ခုပေမယ့် ကြည့်တတ်ရင် တရားဖြစ်သွားတယ်၊ ကြည့်တတ်လို့ရှိရင် တရားဖြစ်တယ်ဆိုတာ **ပစ္စေကဗုဒ္ဓါ** တွေရဲ့ အတ္ထုပ္ပတ္တိတွေ၊ ကြည့်-ပစ္စေကဗုဒ္ဓါတွေ ဘယ်လိုတရားထူးရလာတယ်ဆိုတာကို ပြန်ပြန်ပြီးတော့ ပြောတဲ့ ပစ္စေကဗုဒ္ဓါတွေရဲ့ ဇာတ်လမ်းတွေရှိတယ်ပေါ့။ ဆိုပါစို့ ပန်းပွင့်လေးတစ်ပွင့်

ဟာ မနက်က အပင်မှာ လန်းလန်းဆန်းဆန်း ရှိနေတယ်၊ အဲဒီပန်းပွင့်လေးဟာ ညနေပိုင်း ရောက်တဲ့အခါ နွမ်းပြီးတော့ ကြွေကျသွားတယ်။ အဲဒါကို ကြည့်ပြီး ပန်းပွင့်လေးကပြတဲ့ တရားဆိုပြီး ကိုယ့်သန္တာန် စပ်ယှဉ်ကြည့်လိုက်တဲ့အခါ ပစ္စေကဗောဓိဉာဏ် ရသွားတယ်၊ ပတ်ဝန်းကျင်က ပန်းပွင့်လေးကို ကြည့်ပြီးတော့ တရားရမှုဆိုတာ ဖြစ်လာတယ်။

ဒါတင်လားဆို မဟုတ်သေးဘူး၊ လူတွေဟာ ကိုယ့်အိမ်ထဲမှာ သစ်ပင်လေးတွေ စိုက်ထားတာရှိတယ်၊ အခုလို ဆောင်းရာသီကုန်ဆုံးလို့ နွေဦးရောက်လာပြီဆိုရင် သစ်ရွက်လေးတွေဟာ ဝါပြီး တဖပ်ဖပ်ကြွေကျနေတာကို လူတိုင်းမြင်ဖူးကြမှာပါနော်၊ သာမန်ပုဂ္ဂိုလ်တွေကတော့ ဟာ ဒါ သစ်ရွက်ကြွေတာပဲလို့ ဒီလိုပဲပြောမှာပေါ့၊ အေး ကြည့်တတ်မြင်တတ်တဲ့ ပုဂ္ဂိုလ်တွေကျတော့ အနိစ္စသဘောကို ဆင်ခြင်သုံးသပ်တယ်၊ ဒါနဲ့ ပစ္စေကဗုဒ္ဓ ဖြစ်သွားတဲ့ ပုဂ္ဂိုလ်တွေရှိတယ်။

"ဪ ဒီသစ်ရွက်လေးတွေဟာ မမြဲပါလား၊ မမြဲလို့ကြွေကျသွားသလို ငါ့သန္တာန်မှာရှိတဲ့ ရုပ်တွေ နာမ်တွေဟာလည်းပဲ ဒီအတိုင်းပါလား" ဆိုတဲ့အတွေး ဝင်လာတယ်၊ သာမန်ပုဂ္ဂိုလ်တွေကတော့ ဒီအတွေးမျိုး မတွေးတတ်ပါဘူး၊ ဘုရားသာသနာနဲ့ ကြုံတွေ့နေတဲ့ အချိန်မှာ ဒီအတွေးလေးတွေကို လေ့ကျင့်ပေးဖို့လိုတယ်၊ အဲဒီ လေ့ကျင့်ပေးနေတာသည်ပင်လျှင် ပါရမီပဲ ဖြစ်တယ်၊ မလေ့ကျင့်ဘူးဆိုလို့ရှိရင် ဒီအတွေးတွေ ရနိုင်ပါ့မလား၊ မရနိုင်ဘူးနော်။

အေး တစ်ခါတွေးမိရင် နောက်ထပ် တွေးဖို့ရာ ခက်သေးလား၊ မခက်တော့ဘူး။ နောက်တစ်ခါမြင်ရင် ဒီအတွေး ထပ်လာမှာပဲလေ၊ ထပ်ထပ် ထပ်ထပ်လာတဲ့ အခါ ဒီအတွေးလေးတွေဟာ သံဝေဂအတွေးလေးတွေ၊ မှန်ကန်တဲ့ အတွေးလေးတွေ ဖြစ်တဲ့အတွက်ကြောင့် နောက်ဆုံးမှာ ကိလေသာတွေကို တွန်းလှန်ပစ်နိုင်တဲ့ အတွေးတစ်ခု ဖြစ်လာတယ်။ အင်အား ကောင်းလာပြီး တော့ ကိလေသာတွေကို တွန်းလှန်သွားနိုင်လိမ့်မယ်။

နာရေးကိစ္စ ကြုံလာတဲ့အခါမှာလည်းပဲ မြတ်စွာဘုရား ဟောထားတာ ရှိတယ်။ တွေ့တိုင်းတွေ့တိုင်း ဆုံတိုင်းဆုံတိုင်း မှန်ကန်တဲ့ အတွေးကလေးကို တွေးတတ်ဖို့ ဟောထားတယ်၊ နာရေးတင် မဟုတ်ပါဘူး၊ **ဒေဝဒူတသုတ်** မှာဆိုရင် ဒီအတွေးလေးတွေဟာ အင်မတန်မှ တန်ဖိုးရှိတယ်၊ ကိုယ့်ရဲ့ ပတ်ဝန်းကျင်မှာ အဖိုးအို အဖွားအိုတွေ မရှိဘူးလား။ ရှိတယ်နော်။ အေး အဖိုးအို အဖွားအိုတွေကို တွေ့တဲ့အခါမှာ သာမန်ပုဂ္ဂိုလ်တွေဟာ 'ဟာ အဖိုးကြီးတစ်ယောက်၊ အဖွားကြီးတစ်ယောက်' ဒီလိုပဲတွေးတယ်၊ 'ဘယ်အိမ်က အဖိုးကြီး၊ ဘယ်အိမ်က အဖွားကြီး' ဒီလောက်ပဲ တွေးတယ်၊ ဒီ့ထက်ပို မစဉ်းစားဘူး၊ ဩော် ကြည့်တတ်မြင်တတ်တဲ့ ပုဂ္ဂိုလ်ကျတော့ "အေး သူလဲ တစ်ချိန်တုန်းက ငါ့လို ငယ်ငယ်ရွယ်ရွယ်လေးပဲ၊ အခု အိုမင်းသွားရှာပြီ၊ ငါလည်းပဲ ဒီလို အိုရဦးမှာပါလား" ဆိုတဲ့ အတွေး မတွေးသင့်ဘူးလား၊ သံဝေဂ အတွေးလို့ခေါ်တယ်နော်။

ဘုရားလောင်း တောထွက်တယ်ဆိုတာ အဲဒီ သံဝေဂအတွေးက တွန်းပို့လိုက်တာ ဖြစ်တယ်နော်၊ ချစ်လှပါတယ်ဆိုတဲ့ ယသောဓရာမိဖုရား၊ မွေးခါစ သားလေး ရာဟုလာ စွန့်ပစ်နိုင်တာဟာ အဲဒီအတွေးပဲ၊ အဲဒီအတွေးကြောင့် သံဝေဂဖြစ်တာ။ အားလုံးသိကြတဲ့ အတိုင်း နိမိတ်ကြီးလေးပါးမြင်ပြီး တောထွက်တယ် မဟုတ်လား။ ကိုယ့်ရှေ့မှာရော အဲဒီ နိမိတ်ကြီးတွေ မရှိဘူးလား၊ အေး ဒါလေးတွေကို ဘုရားအလောင်းမှ တွေးတာ၊ ငါတို့နဲ့ မဆိုင်ဘူးလို့ မအောက်မေ့လေနဲ့နော်။

အဖိုးအိုတစ်ယောက်တွေ့ရင် တွေးလိုက်စမ်းပါ၊ အဖွားအိုတစ်ယောက်တွေ့ရင် တွေးလိုက်စမ်းပါ၊ "**ဇရာ မွေ့ာမှိ ဇရံ အနတီတော** – ငါဟာ အိုခြင်းသဘော ရှိနေသူဖြစ်တယ်၊ အိုခြင်းတရားကို ငါ မကျော်လွှား နိုင်ဘူး" အဲဒီ အတွေးလေးဟာ အင်မတန်အဆင့်မြင့်တဲ့ အတွေးလေးပါ၊ သာမန်အားဖြင့် ပြောမယ်ဆိုရင်တော့ ဒါ ဘာမှ မဆန်းဘူးလို့ ထင်ရတယ်။ အိုတာ နာတာ ဘာဆန်းလို့လဲ လူတိုင်း အိုနေကြတာပဲလို့ တစ်ချို့က

ပြောကောင်း ပြောလိမ့်မယ်၊ အိုတာ နာတာကို ပြဿနာလို့ မထင်ကြဘူး၊ ဘုရားအလောင်းတွေကျတော့ အဲဒီလို မမြင်ဘူး၊ သံဝေဂဖြစ်တာ၊ အဲဒီ သံဝေဂအတွေးဟာ အင်မတန်မှ တန်ဖိုးရှိတဲ့ အသိဉာဏ် တစ်ခုရအောင် တွန်းပို့လိုက်တာ ဖြစ်တယ်။

အားလုံး ကြားဖူးကြလိမ့်မယ်၊ ဘုရားအလောင်း **မဃဒေဝမင်းကြီး**ဆိုတာ၊ **နေမိမင်း**လို့လည်း ခေါ်တယ်၊ အဲဒီ **မဃဒေဝမင်းကြီး** ဟာ သက်တမ်းအလွန်ရှည်တဲ့ ကာလမှာ လူဖြစ်တယ်၊ သက်တမ်း သိပ်ရှည်တယ်၊ အခုလို နှစ်လေးငါးခြောက်ဆယ် ခုနစ်ဆယ်လို ဘဝခရီး ဆုံးသွားတာမျိုး မဟုတ်ဘူး၊ သောင်းချီ ရှည်တဲ့ခေတ်မှာ ဖြစ်တယ်၊ အဲဒီလို သက်တမ်းရှည်တဲ့ ခေတ်မှာတောင်မှ မေ့မေ့လျော့လျော့နေတဲ့ ပုဂ္ဂိုလ် မဟုတ်ဘူး၊ သူ့ရဲ့ ဦးခေါင်းက ဆံပင်တွေကို ဖီးလိမ်းပြုပြင်ပေးရတဲ့ ဆတ္တာသည်ကို အစောကြီးကတည်းက မှာထားတာ။ “ငါ့ခေါင်းပေါ်မှာ ဆံပင်ဖြူတစ်ချောင်းမျှတွေ့ရင် ငါ့ကို ပြောပါ၊ ပြောနိုင်လို့ရှိရင် ဆုတော် လာဘ်တော် ချမယ်”

ဆုရချင်တော့ ဆတ္တာသည်က ခေါင်းကို နေ့တိုင်း ကြည့်တယ်ပေါ့၊ (၁)နှစ်လည်း မဟုတ်ဘူး၊ (၂)နှစ်လည်း မဟုတ်ဘူး၊ နှစ်ကိုရာထောင်ချီပြီးတော့ ကြည့်လာတာ ဆံပင်ဖြူတစ်ပင်မှ မတွေ့သေးဘူး၊ ဩော် နောက် တစ်ရက်ကျတော့ ဆံပင်တွေ ဖီးလိမ်း ပြုပြင်ရင်းက နေပြီးတော့ အဖြူကလေးတစ်ချောင်း သွားတွေ့တယ်။ အဖြူကလေးတစ်ချောင်း တွေ့တဲ့အခါမှာ ဆုရတော့မှာ ဆိုပြီး ဆတ္တာသည်ဟာ ဝမ်းသာသွားတယ်၊ ရွှေမွေးညှပ် ကလေးနဲ့ အဲဒီ ဆံပင်ဖြူကလေးကို ဆွဲနုတ်ပြီးတော့ "အရှင်မင်းတရားရဲ့ ခေါင်းမှာ ယောဒီမယ် ဆံဖြူပင် ကလေး တစ်ချောင်းရောက်နေပါပြီ" ဆိုပြီး ဘုရင်ကြီးရဲ့ လက်ထဲ ထည့်လိုက်တယ်။

ဘုန်းကြီးတို့ တစ်တွေ ဆံပင်လေးတစ်ပင်ဖြူတာ ဘာဖြစ်လဲ၊ ဆေးဆိုင်သွားပြီး ဆေးတောင် ဆိုးလိုက်ဦး မယ်၊ တစ်ခေါင်းလုံးဖြူလည်း ကိစ္စမရှိဘူး။ အဲဒီ ဘုရားလောင်းကျတော့ ဆံပင်လေးတစ်ပင် ဖြူသွား တာနဲ့ပဲ တစ်ကိုယ်လုံးကို ချွေးပြိုက်ပြိုက်ကျပြီး "ဩော်

ငါ့ဆီရောက်လာပါပြီလား၊ အိုခြင်းတရားဟာ ငါ့ဆီရောက်လာပြီ" ဆိုတဲ့ အတွေး တွေးမိတယ်။ ဘယ်လောက် တန်ဖိုးရှိတဲ့ အတွေးလဲ၊ အဲဒီအတွေးဟာ အင်မတန်မှကြီးမားတဲ့ ဘုရင့်စည်းစိမ်ကို စွန့်ခွာနိုင်လောက်အောင် အစွမ်းထက်တယ်။ ဘုရင့်စည်းစိမ်ကို မစွန့်ခွာနိုင်တဲ့ တဏှာလောဘကို ဖယ်ရှားပြီးတော့ စွန့်ခွာနိုင်လောက်အောင် တွန်းပို့လိုက်နိုင်တယ်။ ဘုရားလောင်းဟာ တောထွက်သွားတယ်၊ ဘယ်လောက်တန်ဖိုးရှိတဲ့ အတွေးလည်းဆိုတာ၊ မှတ်ထားဖို့ပေါ့။ ဒါလေးတွေကို အများစုက တရားလို့ မထင်ကြဘူး၊ အဲဒါက အင်မတန်မှ ကြီးမားတဲ့ တရားနော်။

ဒီအတွေးလေးတွေ တွေးနေတာကို လူတွေက တရားအားထုတ်တယ်လို့ ထင်ချင်မှ ထင်မယ်ပေါ့၊ တင်ပလ္လင်ခွေထိုင်ပြီး မျက်စေ့ကြီး မှိတ်ပြီးတော့ တွေးချင်ရာ တွေးနေတာရော မဖြစ်နိုင်ဘူးလား၊ တရားဆိုတာ စိတ်ထဲမှာပေါ်လာပြီး တကယ့်ကို အသိဉာဏ်ထူးတွေကိုရပြီး လောဘတွေကို ဖယ်ရှားနိုင်မှ၊ ဒေါသ

တွေကို ဖယ်ရှားနိုင်မှ၊ မောဟတွေကို ဖယ်ရှားနိုင်မှ (သို့မဟုတ်) မဖယ်ရှားနိုင်သေးရင် ပျော့ညံ့သွားအောင် လုပ်နိုင်မှ တကယ့် တရားအစစ်ဖြစ်တယ်။

ခုနက အတွေးလေး အဖိုးကြီး အဖွားကြီးမြင်ရပြီး တော့ "ဩော် ငါလည်းပဲ အိုရဦးမှာပါပဲ၊ အိုခြင်းသဘော ရှိသေးတယ်ဆိုတဲ့ အတွေးဟာ ဘဝပေါ်မှာ တွယ်တာ နေတဲ့၊ ကိုယ့်ရဲ့နုပျိုနေတဲ့ ဘဝပေါ်မှာ အထင်အမြင် မကြီးတော့ဘဲနဲ့ တွယ်တာမှုတွေ ကင်းမသွားပေဘူး လား၊ အေး တွယ်တာမှုဆိုတဲ့ **ယောဗ္ဗနမဒ** ကို လျှော့ချ လိုက်နိုင်တယ်၊ နည်းတာမဟုတ်ဘူး၊ ဘာဖြစ်လို့တုန်း ဆိုရင် နုပျိုမှုဆိုတဲ့အပေါ်မှာ မာန်ယစ်ပြီးတော့ လူတွေ က ငါမအိုသေးဘူးဆိုပြီး လုပ်ချင်တာတွေ လုပ်တတ်ကြ တယ်၊ အကုသိုလ်တွေ ဆက်တိုက် ဖြစ်လာတတ်တယ်။

ခုနက အတွေး တွေးလိုက်တာနဲ့ တစ်ပြိုင်နက်ထဲ ဒီပုဂ္ဂိုလ်ဟာ အကုသိုလ်တွေကို ရှောင်လာတယ်၊ မအိုရ သေးခင်မှာ ကောင်းအောင်လုပ်မှပဲ ဆိုပြီးတော့ ကောင်းတဲ့အတွေးနဲ့ ကောင်းတာတွေ လုပ်ဖြစ်တယ်၊

ဘယ်လောက်တန်ဖိုးရှိတဲ့ အတွေးလဲ၊ ကိလေသာတွေကို တစ်ပြိုင်နက် ရုတ်တရက် မပယ်နိုင်သေးသော်လည်း ဒီအတွေးလေးဟာ အင်မတန်မှ ကောင်းတယ်။

နောက်တစ်ခု ဆက်စဉ်းစားလိုက်ဦး၊ ဆေးရုံတွေမှာ နေမယ်ဆိုရင် လူမမာတွေ မတွေ့ရပေဘူးလား၊ အေးတစ်ချို့အခြေအနေ ဆိုးတယ်ဆိုတဲ့ လူမမာတွေရှိတယ်၊ တညည်းညည်း တညူညူနဲ့ သူများထူပေးမှ ထ,နိုင်တဲ့ လူမမာ၊ အဲဒါကိုမြင်လိုက်ရင်လည်း ဪ လူမမာကြီးပဲ၊ ဘာရောဂါပါလိမ့်၊ ဒီလောက်ပဲ စဉ်းစားတဲ့ လူတွေက များတယ်၊ အဲဒါက ရိုးရာအတွေးဖြစ်တယ်။ ရိုးရာအတွေးတင် မကသေးဘဲ ထူးခြားတဲ့ အတွေးလေးတွေးမိစေဖို့ ကိုယ့်ကိုယ်ကို လေ့ကျင့်ပေးထားရမယ်။ "**ဗျာဓိဓမ္မောမှိ၊ ဗျာဓိံ အနတီတော** - ငါဟာလည်း ဖျားနာတတ်တဲ့၊ ရောဂါရတတ်တဲ့ သဘောရှိတယ်၊ ငါလည်း ရောဂါရခြင်းဆိုတဲ့ ဗျာဓိကို မကျော်လွှားနိုင်သေးဘူး၊ ကျန်းမာနေတုန်း ကုသိုလ်ကောင်းမှုတွေ များများလုပ်မှပဲ" ဆိုတဲ့ အတွေးတွေက အင်မတန်

တန်ဖိုးရှိတဲ့ အတွေးတွေဖြစ်တယ်၊ လောကလူတွေက ကျန်းမာနေပြီဆိုရင် ဘာမှ ဂရုမစိုက်ဘဲ မကောင်းတာ တွေကို လုပ်မိတတ်ကြတယ်။

တချို့ ကျန်းမာမှုကို အကြောင်းပြုပြီးတော့ ကြွားကြွားဝါဝါတောင် ပြောတတ်သေးတယ်နော်၊ သူက ကျန်းမာလိုက်တာ နှာလည်းမစေးဘူး၊ ချောင်းလည်း မဆိုးဖူးဘူး၊ လျက်ဆားဆို လျက်တောင် မလျက်ဖူးဘူးနဲ့ ပြောလိုက်သေးတယ်၊ ဆေးရုံဆေးခန်း တစ်ခါမှမသွားဖူး ဘူး ဆိုပြီးတော့ ကိုယ့်ခန္ဓာကိုယ်ကို အထင်တွေ ကြီးပြီးတော့ မြှောက်စားနေသေးတယ်၊ မရှိဘူးလား အဲဒါမျိုးတွေ။

တကယ်တွေးရမှာက အဲဒီ အတွေးမဟုတ်ဘူး၊ တကယ်တွေးရမှာက "ဩော် ငါ့ခန္ဓာကိုယ်ကြီးကလည်း ဖျားနာတတ်တဲ့သဘော၊ ရောဂါဝေဒနာ ရတတ်တဲ့ သဘောရှိတယ်၊ အဲဒီ ရောဂါဝေဒနာ ရတတ်တဲ့ သဘောကို ငါလည်းပဲ မကျော်လွှားနိုင်သေးဘူး၊ တစ်နေ့ ကျတော့ ကြုံရမှာပဲ" ဆိုတဲ့ အတွေးလေးနဲ့ သံဝေဂ

ဉာဏ်ဖြစ်ပွားလို့ ကိလေသာတရားတွေ လျော့ကျသွားအောင် လုပ်ရမယ်တဲ့။

နာရေးကိစ္စနဲ့ ကြုံတဲ့အခါမှာ စဉ်းစား၊ သေခြင်းတရားကို လူတွေ နေ့စဉ်နဲ့အမျှ တွေ့ကြုံနေကြရတာပဲ၊ သတင်းစာထဲမှာ ကောက်လှန်ကြည့်လိုက်ရင် တွေ့ရမှာပဲ၊ အသက်မျိုးစုံ အရွယ်မျိုးစုံ သေကြ ကြေကြနဲ့၊ အေး သတင်းစာ ကောက်ဖတ်သူက ဘယ်လိုဖတ်တုန်းဆိုတော့ ငါ့အသိများ ပါသွားလား၊ ကိုယ့်ကိုယ်ကို ပါရင်တော့ သိမှာမဟုတ်တော့ဘူး။ နောက် လောကလူတွေက ဘာပြောချင်သေးတုန်းဆိုရင် "သူသေ ငါပို့၊ ငါပို့သူသေ" လို့ပြောချင်ကြတယ်၊ သေတာကို သူများဘက်လှည့်ထားတယ်၊ ကိုယ့်ဘက်ကို မလှည့်ထားဘူး၊ အေး အဲဒီလို မတွေးရဘူး။

နာရေးကြော်ငြာ ဖတ်လိုက်ပြီးတဲ့အခါ "ဪ ဒီလိုသေခြင်းတရားဟာလည်း ငါ့သန္တာန်မှာ ရှိတယ်၊ ငါလည်း မရှောင်လွှဲနိုင်ပါလား" ဆိုတဲ့ အတွေးကို တွေးရမယ်။ အဲဒါမှ မှန်ကန်တဲ့အတွေးလို့ ပြောတာ ဖြစ်တယ်၊

အဲဒီတော့ တရားဆိုတာ ကိုယ့်ပတ်ဝန်းကျင်မှာ ရှိမနေဘူးလား၊ ရှိနေတယ်၊ အမြဲတမ်း ကိုယ့်ခန္ဓာကိုယ်နဲ့ ဆက်စပ်ပြီးတော့ တွေးတတ်ဖို့လိုတယ်၊ အဲဒီတွေးတတ်ဖို့ရာကို မြတ်စွာဘုရားက သွန်သင်နေတာ။

ကြည့် - ကောသမ္ဗီမြစ်ကမ်းမှာ ဘာဆန်းလဲ၊ မြစ်ရေကြော သစ်တုံးကြီးမျောနေတာ ဘာမှမထူးဘူး၊ အဲဒီ သစ်တုံးကြီးကို ကြည့်ပြီးတော့ မြတ်စွာဘုရားက ရဟန်းတွေကို ဆုံးမတယ်။ "အေး၊ ကြည့်ကြစမ်း၊ ဟိုမှာ သစ်တုံးကြီး မျောနေတာ တွေ့ကြလား၊ အဲဒီ သစ်တုံးကြီးဟာ အခြေအနေ ကောင်းလို့ရှိရင် ပင်လယ်ထဲ ရောက်သွားမှာတဲ့၊ အခြေအနေမကောင်းရင်၊ အနှောင့်အယှက်(၈)မျိုးနဲ့တွေ့ပြီး သစ်တုံးကြီးဟာ ပင်လယ်ထဲ ရောက်မှာ မဟုတ်တော့ဘူး" တဲ့။

## အနှောင့်အယှက် (၈)မျိုး

အဲဒီ အနှောင့်အယှက် (၈)မျိုးဆိုတာ အဓိက ဘာတုန်းဆိုတော့ မြတ်စွာဘုရားက နံပါတ်(၁)အနေနဲ့

ဟောထားတာ **အဗ္ဗောပူတိ** သစ်တုံးကြီးက အဆွေးကြီး ဆိုလို့ရှိရင် ဒီလောက်ဝေးလံတဲ့ခရီးကြီး ရေထဲမျောသွား ရတဲ့ သစ်တုံးကြီးဟာ ဟိုကလှိုင်းပုတ်လိုက် ဒီကလှိုင်း ပုတ်လိုက်၊ ကျောက်ဆောင်နဲ့တွေ့ရင် ကျောက်ဆောင်နဲ့ တိုက်လိုက်ဆိုရင် အဲဒီ သစ်တုံးကြီးဟာ အစိတ်စိတ် အမွှာမွှာဖြစ်ပြီး ပကတိ အကောင်းအတိုင်း ပင်လယ်ထဲ ရောက်နိုင်ပါ့မလား၊ မရောက်နိုင်ဘူး။ အဲဒီ ဆွေးနေတဲ့ သစ်တုံးဟာ လှိုင်းပုတ်တာနဲ့ တစ်စစီ ဖြစ်သွားမှာ။

ဆွေးနေတဲ့ သစ်တုံးလိုပဲ ဘုန်းကြီးတို့တစ်တွေ ကိုယ့်ကိုယ်ကို ခံစားပြီးတော့ကြည့်ရအောင်။ **အတွင်းက ပုပ်ပြီးတော့ ဆွေးနေတဲ့သစ်တုံး** ဆိုတာ ဘာကိုပြောတာ လဲ၊ နိဗ္ဗာန်ရောက်ဖို့အတွက် (သို့မဟုတ်) ပင်လယ်ထဲ ရောက်ဖို့ရာအတွက် သစ်တုံးဟာ အကောင်းပကတိ ဖြစ်ဖို့ လိုအပ်သလို နိဗ္ဗာန်သွားဖို့အတွက် ဘုန်းကြီးတို့ တစ်တွေမှာလည်း သစ်တုံးအဆွေးကြီးမဖြစ်ဖို့ လိုအပ် တယ်၊ ကိုယ့်ဘာသာကိုယ်ကြည့်၊ သစ်တုံးအဆွေးကြီး ဟုတ်မဟုတ်။

"သစ်တုံးအဆွေး" ဆိုတာ ဘာပြောတာလဲဆိုရင် ကိုယ်ကျင့်တရား ပျက်ပြားနေတဲ့ပုဂ္ဂိုလ်ကို ပြောတာ၊ ကိုယ်ကျင့်သီလ မရှိတဲ့ပုဂ္ဂိုလ်ဟာ သစ်တုံးအဆွေးနဲ့ အတူတူပဲ၊ အတွင်းမှာ ဘာအနှစ်မှမရှိဘူး၊ **အဇ္ဈတ္တပ္ပတိ** အတွင်းမှာ ပုပ်နေတယ်၊ **ကသမ္ဗုဇာတော** ယောက်သွား ဆိုတာ အပြင်ဘက်ကအခွံမာတယ် မဟုတ်လား၊ ပုပ်ရင် အတွင်းထဲကပုပ်တယ်၊ အဲဒီလိုပဲ ကိုယ်ကျင့်တရား ပျက်ပြီးတော့ ဖုံးဖိထားရတဲ့ ကိုယ်ကျင့်တရားရှိတယ်၊ လောကလူတွေ ဖုံးဖိပြီးတော့ ဟန်ဆောင်နေကြတယ်။

အဲဒါကို မြတ်စွာဘုရားက ဘာပြောတုန်းဆိုတော့ "ရွှေရည်သုတ်ထားတဲ့ မြေနားဆောင်း" တဲ့။ ရွှေရည် သုတ်ထားတော့ အပြင်ဘက်က ကြည့်လိုက်ရင်တော့ ရွှေနားဆောင်းလေးလိုပဲ ဝင်းဝင်းလက်လက်နဲ့၊ သို့သော် လည်း အတွင်း ကြည့်လိုက်လို့ရှိရင် မြေကြီးကြီးပဲ၊ ဘာမှမရှိဘူး၊ မြေနားဆောင်းပေါ့၊ ရွှေချထားတဲ့ မြေ နားဆောင်းဟာ ဘာမှ တန်ဖိုးမရှိဘူး။ အဲဒီလိုပဲ ကိုယ်ကျင့်တရားပျက်ပြားနေတဲ့ ပုဂ္ဂိုလ်တစ်ယောက်က

အပြင်ဘက်ကနေ ကြည့်လိုက်ရင် သူတော်စင်အသွင် ဆောင်နေပေမယ့်၊ လူတော်လူကောင်းအသွင် ဆောင် နေပေမယ့် သူဟာ တန်ဖိုးမရှိဘူးတဲ့။ အတွင်းက ပုတ်ဆွေးနေတဲ့ သစ်တုံးလိုပဲ နိဗ္ဗာန်ကို မရောက်နိုင် ပါဘူးတဲ့၊ လမ်းတင်ပဲ တစ်စစီကွဲသွားမှာ။

နံပါတ်(၁) အရေးကြီးဆုံးက သစ်တုံးသစ်ဆွေး မဖြစ်ဖို့ဘဲ ဖြစ်တယ်၊ မြတ်စွာဘုရားက ဟောတယ် အဲဒီ သစ်တုံးကြီးဟာ အနှစ်သာရပြည့်နေတဲ့သစ်တုံး ဆိုရင် တော့ ပင်လယ်ထဲအထိ ရောက်မှာပဲတဲ့၊ အနှစ်သာရ မပြည့်ဘဲနဲ့ အတွင်းမှာ ပုပ်နေရင်တော့ လမ်းမှာတင်ပဲ လှိုင်းပုတ်တာနဲ့ တစ်စစီဖြစ်ပြီးတော့ ပင်လယ်ထဲ ရောက်မှာ မဟုတ်တော့ဘူး၊ အဲဒီတော့ သင်ချစ်သားတို့ လည်းပဲ အနှစ်မရှိ အတွင်းပုပ်နေတဲ့ သစ်တုံးတွေ မဖြစ်ပါစေနဲ့လို့ ဒီလိုဟောလိုရင်းဖြစ်တယ်။

နံပါတ်(၂)က အဲဒီသစ်တုံးကြီးဟာ ကောင်းပါပြီတဲ့၊ အနှစ်သာရတော့ပြည့်တယ်၊ လူကလည်း ကိုယ်ကျင့် တရားတော့ ကောင်းပါတယ်၊ ကိုယ်ကျင့်တရား ကောင်း

တာနဲ့ နိဗ္ဗာန်ကို ဦးတည်သွားနိုင်ပြီလားဆိုတာ လမ်းမှာ အခက်အခဲတွေ အများကြီးရှိသေးတယ်၊ အနှစ်သာရ ရှိတဲ့ သစ်တုံးပဲဖြစ်လင့်ကစား လှိုင်းပုတ်လို့ ဟိုဘက်ကမ်း ကို တင်သွားမယ်ဆိုရင် ရောက်ပါ့မလား၊ မရောက်ပါ ဘူး။

နံပါတ်(၃) အေး ဒီဘက်ကမ်း တင်သွားရင်ရော မရောက်နိုင်ဘူးတဲ့၊ ဟိုဘက်ကမ်းလည်း မတင်ပါမှ၊ ဒီဘက်ကမ်းလည်း မတင်ပါမှ ပင်လယ်ထဲ ရောက်မယ် ပေါ့။

နံပါတ်(၄) တစ်ခါတစ်ရံ ဟိုဘက်ကမ်းလည်း မတင်ပါဘူး၊ ဒီဘက်ကမ်းလည်း မတင်ပါဘူး၊ ရေစိမ့်ဝပြီး တော့ သစ်တုံးကြီးဟာ မပေါ်နိုင်တော့ဘဲ ရေထဲမြုပ် သွားမယ်၊ တစ်ချို့သစ်တုံးတွေက လေးပြီးတော့ ရေထဲ မြုပ်သွားတာ ရှိတယ်နော်၊ အဲဒီလို ရေထဲမြုပ်နေတဲ့ သစ်တုံးကရော ပင်လယ်ထဲ ရောက်ပါ့မလား၊ မရောက် နိုင်ဘူး။ ဟိုဘက်ကမ်းလည်း မတင်မှ ဒီဘက်ကမ်းလည်း မတင်မှ ရေထဲလည်း မမြုပ်မှ ရောက်နိုင်မယ်တဲ့။

နံပါတ်(၅) ရေထဲလည်း မမြုပ်ဘူး၊ သို့သော် အလယ်က သောင်ထွန်းနေလို့ သောင်တင်သွားရင်ရော အဲဒီသစ်တုံးဟာ ပင်လယ်ထဲ ရောက်ပါ့မလား၊ မရောက်တော့ဘူး၊ ကြည့် မရောက်နိုင်တဲ့ အနေအထားတွေကို မြတ်စွာဘုရားက ဟောနေတာနော်၊ သစ်တုံးကြီးဟာ သောင်တင်သွားတယ်ဆိုရင် ဘယ်လိုမှ မရောက်တော့ဘူး၊ ရှေ့ဆက်သွားဖို့ မရှိတော့ဘူး၊ ခရီးကရပ်သွားပြီ။

နံပါတ်(၆) သောင်တော့ မတင်ဘူး၊ မျောတော့ မျောနေတာပဲ၊ သို့သော် လူတွေက ထင်းလုပ်ဖို့ ဆယ်ပြီးတော့ အိမ်ယူသွားမယ်၊ တစ်ခုခုအသုံးချဖို့ သစ်တုံးကြီးကို ဆယ်ယူသွားမယ်ဆိုရင်ရော ရောက်ပါ့မလား၊ မရောက်တော့ဘူးပေ့ါ။

နံပါတ်(၇) လူကတော့ မဆယ်ဘူး၊ မမြင်ရတဲ့ နတ်တွေဘာတွေက အဲဒီ သစ်တုံးကြီးကို မ,ယူသွားလို့ရှိရင်ရော မရောက်နိုင်ဘူး။

ဟော နောက်တစ်ခု နံပါတ်(၈)က လူကလည်း မဆယ်ဘူး၊ နတ်ကလည်း မဆယ်ဘူး၊ ပေါလော

ပေါလောနဲ့ ရေထဲမှာမျောနေမယ်၊ ဒါပေမယ့် ဝဲနဲ့တွေ့ပြီး ဝဲကစုတ်ယူထားလိုက်မယ်ဆိုရင် ဝဲလည်နေတဲ့ သစ်တုံး ဟာ ပင်လယ်ထဲ ရောက်ပါ့မလား၊ မရောက်တော့ဘူး ပေါ့။

မရောက်နိုင်တာတွေ အများကြီး ရှိတယ်ပေါ့။ အဲဒီတော့ အခြေအနေတွေအားလုံး ကျော်လွှားပြီး တော့ လမ်းခရီးက အဟန့်အတားတွေကို အကုန်လုံး ဖယ်ရှားပစ်နိုင်တဲ့အခါမှသာ အဲဒီ သစ်တုံးကြီးက ပင်လယ်ထဲ ရောက်သွားနိုင်တယ်လို့ ရဟန်းတွေကို သစ်တုံးကြီးကို ကြည့်ပြီးတော့ မြတ်စွာဘုရားက တရားဟောတယ်။

အဲဒီသစ်တုံးကြီးဟာ(၁)ဟိုဘက်ကမ်းလည်း မတင် ဘူး၊ (၂) ဒီဘက်ကမ်းကိုလည်း မတင်ဘူး၊ (၃) အလယ် ခေါင်လည်း မြုပ်မသွားဘူး၊ (၄) သောင်လည်း မတင် ဘူး၊ (၅) လူတွေကလည်း မဆယ်ဘူး၊ (၆) နတ်ကလည်း မဆယ်ဘူး၊ (၇) ဝဲကလည်း စုတ်မထားဘူး၊ (၈) အတွင်း ကလည်း မပုပ်ဘူး၊ သစ်တုံးအကောင်းစား ဆိုရင်တော့

သေချာပေါက် ပင်လယ်ထဲ ရောက်သွားမှာပါပဲ။ မြစ်တွေရဲ့ နောက်ဆုံးဌာနဟာ ပင်လယ်ထဲကိုပေါ့။

ရောဝတီ မြစ်ကြီးသည် အားလုံးသိတဲ့အတိုင်း မေခ၊ မလိခ မြစ်ဆုံကနေ စတင်ပြီးတော့ စီးဆင်းလာတယ်၊ စတင်စီးဆင်းပြီး ဘယ်အထိအောင် ရောက်သွားလဲဆိုရင် ဘင်္ဂလားပင်လယ်အော်ထဲ ရောက်တာပဲ၊ ရောဝတီမြစ်ကြီးက လမ်းထဲမှာ မြစ်ဆုံမြစ်မွှာတွေ ရှိပြီးတော့ နောက်ဆုံး ရောက်သွားတာပဲ။ ဒါကြောင့်မို့ မြစ်ဝကျွန်းပေါ် ရောဝတီတိုင်းလို့ ခေါ်တာပေါ့၊ ဒီမြစ်တွေကနေ စီးဆင်းပြီး နောက်ဆုံးကျတော့ ပင်လယ်ထဲ ရောက်သွားတာ မဟုတ်လား။

အေး အဲဒါကို မြတ်စွာဘုရားက ဥပမာထားပြီးတော့ ရဟန်းတွေကို ကမ္မဋ္ဌာန်းနည်းလမ်း ပေးနေတာဖြစ်တယ်၊ နိဗ္ဗာန်ကို ဦးတည်သွားဖို့ရာအတွက် ဘာလုပ်ရမလဲ ဆိုတာကို နည်းလမ်းပေး ဟောနေတာဖြစ်တယ်၊ မြတ်စွာဘုရားက ဟောတယ် "အေး သင်တို့တတွေလည်း ဟောဒီသစ်တုံးကြီးလို နိဗ္ဗာန်ကို ဦးတည်သွားနေ

ဖို့ လိုအပ်တယ်။ ဘာဖြစ်လို့တုန်းဆိုရင် ငါပြောထားတဲ့ သမ္မာဒိဋ္ဌိ ဆိုတာ နိဗ္ဗာန်ကို ဦးတည်ထားတာ ဖြစ်တယ်" တဲ့။

ရဟန်းတစ်ပါးက လျှောက်တယ်၊ **ဟိုဘက်ကမ်း** ဆိုတာ ဘာကိုပြောတာပါလဲဘုရား၊ **ဒီဘက်ကမ်း** ဆိုတာ ဘာလဲဘုရား။ အေး နိဗ္ဗာန်သွားဖို့ရာအတွက် အဟန့်အတားတွေက အများကြီးရှိတယ်၊ ကမ်းမတင်ဖို့ အရေးကြီးသေးတယ်၊ ရေကြောင်းခရီးနဲ့ သွားမယ်ဆိုရင် ကမ်းပေါ် တက်ပြီးလို့ရှိရင် ပြန်ဆင်းဖို့ မလွယ်ဘူးလေ။

အဲဒီတော့ မြတ်စွာဘုရားက **ဒီဘက်ကမ်း** ဆိုတာ တခြားမဟုတ်ဘူးတဲ့၊ ကိုယ့်သန္တာန်မှာရှိနေတဲ့ မျက်စေ့၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ် လို့ဆိုတဲ့ ပြင်ပက ဗဟိဒ္ဓ အာရုံတွေကိုယူနိုင်တဲ့ **အဇ္ဈတ္တိအာယတန(၆)ပါးကို ခေါ်တာ ဖြစ်တယ်**၊ ကဲ ဘုန်းကြီးတို့တစ်တွေမှာ မျက်စေ့ မရှိဘူးလား၊ မျက်စေ့ရှိတယ်၊ နားရှိတယ်၊ နှာခေါင်း ရှိတယ်၊ လျှာရှိတယ်၊ ကိုယ်ရှိတယ်၊ စိတ်ဆိုတာရှိတယ်၊ အဲဒီပေါ် တင်သွားတယ်ဆိုတာ လူတွေဟာ "ကိုယ့်

မျက်စေ့လေးကို **ဧတံ မမ** ငါ့မျက်စေ့၊ **ဧသောဟမသ္မိ** မျက်စေ့ဟာငါပဲ၊ **ဧသော မေ အတ္တာ** ငါလိုချင်တိုင်း ရတဲ့ အရာလေးပဲ၊ ငါ့ရဲ့ အတ္တပဲ" လို့ဆိုတဲ့ မမှန်ကန်တဲ့ အတွေးတွေနဲ့ မျက်စေ့ပေါ်မှာ ဆင်ခြင်သုံးသပ်နေမယ် ဆိုရင် ကမ်းတင်သွားပြီ။

အဲဒီအတွေး ဝင်လိုက်တာနဲ့ တစ်ပြိုင်နက် ဒီဘက် ကမ်းမှာ တင်သွားပြီ၊ တင်သွားပြီဆိုရင် နိဗ္ဗာန်ရောက်ဖို့ မလွယ်ဘူးပေါ့။ နိဗ္ဗာန်လမ်းကြောင်းပေါ်ကနေ ဘေး ရောက်သွားပြီ။ နားလေးကို ငါ့နားလို့၊ နှာခေါင်းလေးကို ငါ့နှာခေါင်းလို့၊ လျှာလေးကို ငါ့လျှာလို့၊ ခန္ဓာကိုယ်ကို ငါ့ခန္ဓာကိုယ် အဲဒီအတွေးအမြင်တွေနဲ့ တွယ်တာနေမယ် ဆိုရင် ဒီဘက်ကမ်းပေါ်မှာ တင်သွားတာပါပဲတဲ့။ နိဗ္ဗာန်ရောက်ဖို့ မရှိတော့ဘူး၊ ဒီဘက်မှာ တင်နေပြီ ဟုတ်ကဲ့လား။ မျက်စေ့၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ် ဆိုတဲ့ အာရုံတွေကို ရယူတတ်တဲ့ sense organs တွေ ပေါ့။ အဲဒီ sense organs တွေပေါ်မှာ စွဲလမ်းသွားပြီ ဆိုကတည်းက စွဲလမ်းသွားတာဟာ တင်သွားတာပဲပေါ့။

မျက်စေ့ပေါ်မှာ တွယ်တာတယ်၊ နားပေါ်မှာ တွယ်တာတယ်၊ နှာခေါင်းပေါ်မှာ တွယ်တာတယ်၊ လူတွေခြုံပြောရင် မျက်စေ့တွယ်တာလို့ တစ်ချို့ဆိုလို့ ရှိရင် အမေမွေးတဲ့ မျက်စေ့က အညိုရောင်လေး အနက်ရောင်လေးဆိုရင် ဘာအရောင်ဆိုးကြသေးတုန်း၊ မဆိုးဘူးလား၊ ဆိုးတယ်။ အဲဒီလို မလှလှအောင်၊ မကောင်းကောင်းအောင်၊ မသာယာတာကို သာယာ ဖွယ်ဖြစ်အောင် ပြုပြင်ပြီးတော့ မနေကြဘူးလား၊ အဲဒါ ကမ်းပေါ်မှာ တင်နေတာ ဖြစ်တယ်။ အဲဒါ ကိုယ့်ကိုယ်ကို ကမ်းတင်နေတာကို တင်မှန်းမသိဘူး ဖြစ်နေတယ်။ အဲဒါဟာ ကမ်းပေါ်ရောက်နေတာဖြစ်တယ်၊ နိဗ္ဗာန် သွားရပါလို၏လို့ ဆုတောင်းနေပေမယ်လို့ ကမ်းပေါ်မှာ ရောက်နေတယ်၊ လမ်းကြောင်းအပြင် ရောက်နေတယ်။

ကဲ တစ်ဖက်ကမ်းကို ကြည့်လိုက်ဦး၊ မျက်စေ့က မြင်တဲ့ အဆင်းအာရုံကို လှလိုက်တာလို့ တွေးတယ်၊ လှလိုက်တာလို့ ပြောတာနဲ့၊ လိုချင်လိုက်တာလို့ ပြောတာ နဲ့၊ လောဘကလာပြီ။ မုန်းစရာ ကောင်းတယ်လို့

ပြောလိုက်တာနဲ့ ဒေါသက မလာဘူးလား၊ လာတယ်။ မျက်စေ့က မြင်ရတဲ့အာရုံ၊ နားက ကြားရတဲ့အသံ၊ လောကလူတွေ နေ့စဉ်နဲ့အမျှ ပြောနေတာ မျက်စေ့က မြင်ထားတဲ့ အာရုံကိုပြောတယ်၊ နားက ကြားရတဲ့ အသံကို ပြောတယ်၊ နှာခေါင်းက အနံ့အာရုံအကြောင်း ပြောတယ်၊ အာရုံအကြောင်းတွေ ပြောနေတာ အဲဒီ အပေါ်မှာ မက်မောနေကြတာပဲ။

မြင်စရာအာရုံက ကိုယ့်အိမ်ထဲမှာ နေ့တိုင်း မြင်နေပြီး ရိုးတော့ အပြင်ထွက်ကြည့်တယ်၊ အသံကလည်း ကိုယ့်အိမ်က ကြားနေကျအသံတွေ ရိုးတဲ့အခါ သာယာဖွယ် အသစ်လေးများ တွေ့တဲ့အခါ နားကျပ်လေးနဲ့ ထည့်ပြီး နားမထောင်ဘူးလား၊ ထောင်တယ်။ ဒါကြောင့် ဆိုင်တွေရောင်းကောင်းတာ။ Mp.4 တို့ Mp.3 တို့လေ၊ သီချင်းသံလေး တငြိမ့်ငြိမ့်နဲ့ တစ်ချို့များ နားထဲ နားကြပ်ကလေးထည့်ပြီးတော့ တစ်ယောက်ထဲ လှုပ်နေတာ ရှိသေးတယ်။ ဘေးကနေကြည့်ရင် ဒီလူဟာ ဘာဖြစ်နေတာတုန်း၊ လျှော်များ လှုပ်နေသလားလို့ ထင်ရတယ်။

ယိမ်းထိုးနေတာ၊ အသံက စည်းချက်ပေးနေတာ၊ အဲဒီ စည်းချက်နောက်လိုက်ပြီး ယိမ်းထိုးနေတာပေါ့။ အဲဒါ ကမ်းတင်နေတာပဲ။ အဲဒါကို ဟိုဘက်ကမ်းလို့ ခေါ်တာ ဖြစ်တယ်။

မျက်စေ့က ဒီဘက်ကမ်းဆိုရင် မျက်စေ့ကမြင်ရတဲ့ အာရုံတွေက ဟိုဘက်ကမ်း မဟုတ်ဘူးလား။ နားက ဒီဘက်ကမ်းဆိုရင် နားက ကြားရတဲ့ အသံလေးက ဟိုဘက်ကမ်းဖြစ်တယ်၊ အဲဒီတော့ ဟိုဘက်ကမ်း တင်လိုက် ဒီဘက်ကမ်းတင်လိုက်နဲ့ ဘယ်ရောက်တော့ မှာတုန်း၊ နိဗ္ဗာန်ရောက်ဖို့ရာအတွက် ဟိုဘက်ကမ်းနဲ့ ငြိလိုက်၊ ဒီဘက်ကမ်းနဲ့ ငြိလိုက်နဲ့။ နှာခေါင်းကလည်း မွှေးကြိုင်တဲ့ အနံ့လေးဆိုရင် ကြိုက်တယ်လေ၊ ဒါကြောင့် မို့ ရေမွှေးအမျိုးမျိုး ထွက်တိုင်းထွက်တိုင်း ဝယ်တယ်။ ပေါင်ဒါကလည်း ထွက်တိုင်းထွက်တိုင်း ဝယ်တော့ ဒီကနေ့ခေတ်မှာ ကြည့်လိုက် ဘာသနပ်ခါးတို့၊ ညာ သနပ်ခါးတို့၊ ဘာ ပေါင်ဒါတို့၊ ညာ ပေါင်ဒါတို့၊ အဲဒါ ကမ်းတင်နေတာတွေပဲ။ အကုန်လုံးနော်၊ နည်းသလား။

ဣဒံ မေ ပုညံ နိဗ္ဗာနဿ ပစ္စယော အခုမှ ပစ္စယောပဲရှိသေးတယ် လူက ကမ်းပေါ် ရောက်နေပြီ။ လျှာကရော ကမ်းမတင်ဘူးလား။ အရသာဆိုတဲ့ ဟိုဘက်ကမ်းပေါ်မှာ သွားတင်နေသေးတယ်။ အိမ် ထမင်း စားမကောင်းလို့ စားသောက်ဆိုင်သွားစားတယ်၊ မြန်မာထမင်းဟင်း ရိုးသွားလို့ ကိုရီးယား အစားအစာ သွားစားတယ်။ ထိုင်းအစားအစာစားတယ်။ အသားကင် ဆိုရင် သွားစားကြပြန်ရော။ ဘယ်ဆိုင်က ကောင်းတယ် ဆိုရင် သတင်းတောင် ပေးလိုက်ကြသေးတယ်၊ ဟုတ်လား၊ ကမ်းတင်လိုက်ပုံကနေ၁်၊ ဟိုဘက်ကမ်း တင်မသွားဘူးလား။

ဒါ တစ်ကမ္ဘာလုံး ခြုံပြီးကြည့်၊ လူသားတွေရဲ့ အနေအထားကိုကြည့်၊ ဒီဘက်ကမ်း တင်လိုက် ဟိုဘက် ကမ်း တင်လိုက်နဲ့ ဘယ်လိုလုပ်ပြီး ရှေ့ခရီးဆက်လို့ ရမှာတုန်း။ အထိအတွေ့ ဆိုလို့ရှိရင်လည်း ကြည့်လေ။ အထိအတွေ့နဲ့ ပတ်သက်လာရင်လည်း အမျိုးမျိုး အဝတ်ကစပြီးတော့ နူးညံ့တဲ့ အဝတ်ကလေးတွေ

ကောင်းတာလေးတွေ၊ အိပ်ရာခုတင်ကစပြီး ကောင်းတာလေးနဲ့မှ၊ ဒါလည်း ကမ်းတင်သွားတာပဲပေ့ါ။ ဇိမ်ခံဖို့ လုပ်တာမှန်သမျှ အကုန် ကမ်းတင်သွားတာပဲ။ ဒီပြင်ဟာတွေ ဖယ်လိုက်ဦး၊ ဪ စိတ်ထဲကနေပြီးတော့ အတွေးလှလှလေးတွေ တွေးနေရလို့ ရှိရင်လည်း လူက ကျေနပ်နေသေးတယ်၊ အဲဒါလည်း ဟိုဘက်ကမ်း တင်နေတာပါပဲ။

ကဲ - ခြုံငုံပြောလိုက်မယ်ဆိုရင် ဒီဘက်ကမ်းဆိုတာ **အဇ္ဈတ္တိကာယတန(၆)ပါး**။ စာထဲကဟာကို သွားသတိမရနဲ့။ **အဇ္ဈတ္တိကာယတန(၆)ပါး** လို့ ပြောလိုက်တယ်ဆိုရင် မျက်စေ့၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ် ဆိုတာကို ပြောတာဖြစ်တယ်။ ဪ ဟိုဘက်ကမ်းလို့ ပြောတာ တစ်ပြိုင်နက် **ဗာဟိရာယတန(၆)ပါး**။ မြင်စရာ အာရုံ၊ ကြားစရာ အသံ၊ နမ်းရှူစရာ အနံ့၊ လျက်စရာ အရသာ၊ ထိတွေ့စရာ အထိအတွေ့နဲ့ စိတ်ကူးကြံစည်စရာ အာရုံတွေကို မှတ်ယူရမယ်ပေ့ါ။ အဲဒီတော့ ဟိုဘက်ကမ်း

တင်လိုက် ဒီဘက်ကမ်းတင်လိုက်နဲ့ နိဗ္ဗာန်ကိုရောက်နိုင်ပါ့မလား။

ဒီဘက်ကမ်း တင်နေတာနဲ့ ပြီးသွားရော တစ်ဘဝ။ ဟိုဘက်ကမ်း တင်နေတာနဲ့ ပြီးသွားပြန်ရော တစ်ဘဝ။ အဲဒီလို ဘဝပေါင်းများစွာ နေသွားတဲ့သူတွေ ဘယ်လိုလုပ်ပြီး နိဗ္ဗာန်ရောက်နိုင်ပါ့မလဲ။ ဟိုဘက်ကမ်းလည်း မကပ်နဲ့၊ ဒီဘက်ကမ်းလည်း မကပ်နဲ့ဆိုတာ မျက်စေ့၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ် ပေါ်မှာလည်း စွဲလမ်းမှု မပြုနဲ့။ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အထိအတွေ့ အပေါ်မှာလည်းပဲ မက်မက်မောမောနဲ့ မတွယ်တာနဲ့။ အဲဒါဆိုရင်တော့ ဟိုဘက်ကမ်းလည်း မကပ်ဘူး၊ ဒီဘက်ကမ်းလည်း မကပ်ဘူး၊ ရှေ့ဆက်သွားဖို့ရာ မဖြစ်ပေဘူးလား။

**အလယ်ခေါင်နေရမယ်** သို့သော်လည်း စိတ်မချနဲ့ဦး။ လူတွေမှာ ဘာဖြစ်နိုင်သလဲ ဆိုလို့ရှိရင် **နန္ဒီရာဂ** ထဲ နစ်သွားနိုင်သေးတယ်တဲ့။ ဟောဒီ ရေထဲမှာ နစ်သွားနိုင်သေးတယ်။ ဟိုဘက်ကမ်းတော့ မတင်ပါဘူး၊ ဒီဘက်

ကမ်းလည်း မတင်ပါဘူး၊ သို့သော် ရေထဲမြုပ်သွားတယ်၊ ရေထဲမြုပ်သွားတယ်ဆိုတာ မိသားစုထဲက ခေါင်းကို မဖော်နိုင်ဘူး၊ သံယောဇဉ်တွေကြီးလို့၊ ဘယ်မှမသွားနိုင်ဘူး။ မြေး စိတ်မချလို့၊ သားသမီး စိတ်မချလို့ ဘယ်မှ မသွားနိုင်ဘူး။ ဟော မြုပ်မနေဘူးလား၊ ဒီဘက်ကမ်း လည်းမကပ်၊ ဟိုဘက်ကမ်းလည်း မကပ်နဲ့၊ ရေလယ် ခေါင်မှာလည်း မြုပ်သွားနိုင်တာပဲ။ **နန္ဒီရာဂ** တဲ့။ နှစ်သက် စရာ အာရုံနဲ့တွေ့ရင် နှစ်သက်လိုက်တယ်။ တွယ်တာ စရာ အာရုံရှိရင် တွယ်တာလိုက်တယ်ဆိုရင် မြုပ်သွားပြီ။

အေး မြုပ်လည်းမမြုပ်ဘူး၊ ဟိုဘက်ကမ်းလည်း မတင်ဘူး၊ ဒီဘက်ကမ်းလည်း မတင်ဘူးဆိုရင် ဘာ လာပြန်တုန်းဆို မြစ်လယ်ခေါင်မှာ သောင်ထွန်းနေတာ မျိုးလို လူတွေမှာ ခုနက သံယောဇဉ်တွေ စွန့်လိုက် နိုင်ပြန်တော့ ဘာလာတုန်းဆိုရင် **အသ္မိမာန** ငါ ဆိုတဲ့ မာနလေး ကျန်နေတယ်။ တရားကျောင်း သွားရင်လည်း အဲဒါလေးက ပါလာတယ်။ ငါ ဉာဏ်စဉ်နာပြီးပြီ။ သူတို့က မနာရသေးဘူး။ ငါက တရားကို ဘယ်နှစ်ကြိမ်

ဝင်ပြီးပြီ။ သူတို့တစ်ခါမှ မဝင်ဘူး။ ငါက တရား ပေါက်ပြီးသား။ သူတို့တွေ တရားမပေါက်သေးဘူး။ သူတို့က တရားနဲ့ ဝေးနေတယ်၊ အဲဒါမျိုးတွေ မလာ ဘူးလား။ **အသ္မိမာန** တဲ့။

အဲဒီ မာနမျိုးမပြောနဲ့ **ရှင်အနုရုဒ္ဓါ** ရဲ့ မာနမျိုး တောင်မှပဲ ရဟန္တာဖြစ်ဖို့ အဟန့်အတားကြီး ဖြစ်သွား သေးတယ်။ "ငါ စကြဝဠာတစ်ထောင်ကို **ဒိဗ္ဗစက္ခု**နဲ့ ကြည့်နိုင်တယ်" လို့ တွေးမိတာ၊ အဲဒီ အတွေးလေး ကြောင့်မို့ သူဟာ ရဟန္တာမဖြစ်ဘူး။ **ရှင်သာရိပုတ္တရာ** ကထောက်ပြတယ်။ အဲဒီအတွေး မတွေးနဲ့တဲ့။ ဒါ မာနအတွေးတဲ့။ အဲဒါကို ဖယ်လိုက်မှ ရဟန္တာဖြစ်တာ။ နို့မို့ဆိုရင်မဖြစ်ဘူး။ ဘယ်လောက် သမာဓိ ကောင်းနေ လဲ၊ **ဒိဗ္ဗစက္ခု အဘိညာဉ်** ရထားတဲ့ ပုဂ္ဂိုလ်၊ ဈာန်တွေ အကုန် ရထားတဲ့ပုဂ္ဂိုလ်၊ သို့သော် ဒါလေး ခံနေတယ်။ အဲဒါ သောင်တင်တာ ခေါ်တယ်နော်။ ရှေ့ဆက်လို့ မရဘူး။ သင်္ဘောတွေ သောင်တင်သွားရင် ရှေ့ဆက် မောင်းလို့ ရပါမလား၊ မရဘူး။ ရှေ့တိုးမရဘူး၊ အဲဒီ

မာနကလည်းပဲ အင်မတန် သတိထားရတယ်၊ အဲဒါကိုလည်း ပယ်ဖို့ လိုအပ်တယ်။

အဲဒါ ပယ်လိုက်ပါပြီ၊ ပတ်ဝန်းကျင်နဲ့ လိုက်လိုက်လျောလျော နေတယ်။ ဘုန်းကြီး ရဟန်းတွေဆိုရင် ဒကာ၊ ဒကာမတွေနဲ့ သံယောဇဉ်ဖြစ်ပြီ၊ လူ့ သံယောဇဉ်တော့ ခွာလိုက်ပါပြီ၊ မိသားစု သံယောဇဉ် မရှိဘူး၊ အိမ်ထောင်မရှိသည့် အတွက်ကြောင့် အိမ်ထောင်သံယောဇဉ် မရှိဘူး၊ ဒါပေမယ့် ကိုးကွယ်တဲ့ ဒကာ၊ ဒကာမတွေ အပေါ်မှာ သံယောဇဉ် ဖြစ်နေပြီ၊ ဒါဆိုလူဆယ် ခံလိုက်ရတာပဲ။

စိတ်ထဲမှာ ဒီဘဝမှာ နိဗ္ဗာန်မရောက်သေးရင်ဟောဒီ အကျင့်ကလေးကြောင့် ငါ နတ်ပြည် ရောက်ပါရစေ၊ နတ်မင်းကြီး ဖြစ်ပါရစေ၊ ဒီလို အတွေးလေးတွေဝင်လာပြီးတော့ ကိုယ်ကျင့်ထားတဲ့ အကျင့်လေးတွေနဲ့နတ်ပြည်ကို အလဲအလှယ် လုပ်ချင်လာတယ်။ နိဗ္ဗာန်ဆိုတာ ဘယ်မှန်း မသိသေးဘူး။ နိဗ္ဗာန်သွားဖို့ စောပါသေးတယ်။ နတ်ပြည်က နတ်စည်းစိမ်လေး ခံလိုက်

ဦးမှုပဲလို့ အတွေးကလေး ဝင်လာပြီး ငါကျင့်ထားတဲ့ အကျင့်ကလေးတွေနဲ့ နတ်ပြည် သွားချင်ပါတယ်ဆိုတဲ့ အတွေးလေး ဝင်လာခဲ့လို့ရှိရင် နတ်အဆယ် ခံလိုက် ရပြန်ရော။ အဲဒီ ပုဂ္ဂိုလ်ဟာနော် နိဗ္ဗာန် မရောက်နိုင် တော့ဘူး။ ဟုတ်ကဲ့လား၊ အဲဒါဟာ နတ်ရဲ့ အဆယ် ခံလိုက်ရတာပါပဲ။

ကဲ ကောင်းပြီ၊ လူလည်းမဆယ်ဘူး၊ နတ်လည်း မဆယ်ဘူး၊ သို့သော်လည်း ကာမဂုဏ် အာရုံတွေထဲ ကနေ ခွဲမထွက်နိုင်ဘူး၊ ကာမဂုဏ်ဆိုတာ ကာမ ဆိုတာဟာ နှစ်သက်စရာအာရုံကို ကာမလို့ခေါ်တာ ဖြစ်တယ်။ အဲဒီ နှစ်သက်စရာ အာရုံများဟာ လူ့ရဲ့ စိတ်ကို နှောင်ဖွဲ့ထားတတ်သောကြောင့် ဂုဏ ဂုဏ်လို့ ပြောတာဖြစ်တယ်။ ဂုဏ်ကျက်သရေရှိတဲ့ဂုဏ် မဟုတ် ဘူး။ ကာမဂုဏ ဆိုတဲ့ အနှောင်အဖွဲ့လို့ ဒီလို ဆိုလို တယ်။ သစ်တုံးတစ်ခုဟာ ဝဲလယ်နေတယ်ဆိုရင်၊ ထိုသစ်တုံးဟာ ဝဲစုပ် ခံလိုက်ရပြီဆိုရင်၊ ထိုသစ်တုံးဟာ

ရှေ့ဆက်ရွှေ့လို့ ရပ့ါမလား၊ မရတော့ဘူး၊ ဒီနားမှာပဲ ဝဲလယ်နေတယ်။

လောကလူတွေဟာလည်းပဲ ကာမဂုဏ် အာရုံတွေကို မပယ်ဖျက်နိုင်သည့်အတွက်ကြောင့် ဝဲလည်နေတယ်၊ ဝဲလည်တယ်ဆိုတာ ကြည့်လေ၊ ခုန ဝဲလည်နေပုံက လူတွေက ညည်းတာ ညည်းတာ၊ ညည်းပြီးတော့ ဝေ့နေတယ် ဆိုတာလို ဒီနားတင်ပဲ ဝေ့ဝေ့နေတာပေ့ါ။ မသွားနိုင်ဘူး၊ အဝေးကို မသွားနိုင်ဘူး။ ဒီအာရုံလေးမှာပဲ လှည့်ပြီးတော့ ပျော်ချင်နေတယ်။ ကာမဂုဏ် အာရုံတွေထဲမှာ ပျော်နေတာ။ အဲဒါကို ဝဲလည်နေတာလို့ ခေါ်တယ်။ အဲဒီလို ဝဲလည်နေတာကနေ မထွက်နိုင်လို့ ရှိရင် အဲဒီ သစ်တုံးကြီးဟာ ဘယ်တော့မှ ပင်လယ်ထဲကို မရောက်နိုင်ဘူး။ ကာမဂုဏ်အာရုံဆိုတဲ့ ဝဲထဲက မထွက်နိုင်တဲ့ ပုဂ္ဂိုလ် ဆိုတာဟာလည်း ဘယ်တော့မှ နိဗ္ဗာန် မရောက်နိုင်ဘူး။ ဒီလိုဆိုလိုတာ ဖြစ်တယ်ပေ့ါ။

အားလုံးခြုံပြီးတော့ ကြည့်လိုက်ရင် မြတ်စွာဘုရားက **ဒါရုက္ခန္ဓောပမသုတ္တန်**ဆိုတာကို **ကောသမ္ဗီပြည်**

နားက **ဂင်္ဂါမြစ်** ကမ်းမှာ ဟောတာ။ ဂင်္ဂါမြစ်ကမ်းမှာ သစ်တုံးကြီးမျောနေတာကို ကြည့်ပြီးတော့ ဒီတရားကို ဟောလိုက်တာ ဖြစ်တယ်။ "မြင်ကြလားဟေ့ ဟိုနားမှာ သစ်တုံးကြီး မျောနေတာ။ အဲဒီ သစ်တုံးကြီးဟာ ဟိုဘက်ကမ်းလည်း မတင်ဘူး၊ ဒီဘက်ကမ်းလည်း မတင်ဘူး။ ရေထဲလည်း မြုပ်မသွားဘူး။ သောင်လည်း မတင်ဘူး၊ လူလည်း ဆယ်မသွားဘူး၊ နတ်ကလည်း ဆယ်ယူမသွားဘူး၊ ဝဲလည်း မစုပ်ဘူးဆိုရင် ပင်လယ်ထဲ ရောက်မှာပေါ့။ အေး မင်းတို့တတွေလည်း နိဗ္ဗာန်ကို အရောက်သွားကြရမယ်။ အရောက်သွားတဲ့ အခါမှာ ဟိုဘက်ကမ်းလည်း မတင်စေနဲ့နော်။ ဒီဘက်ကမ်းလည်း မတင်စေနဲ့။ ရေထဲလည်း မြုပ်မသွားစေနဲ့၊ သောင်လည်းပဲ မတင်စေနဲ့၊ လူဆယ်တာလည်း မခံရစေနဲ့၊ နတ်ဆယ်တာလည်း မခံရစေနဲ့၊ ဝဲစုပ်တာလည်း မခံရစေနဲ့၊ အတွင်းပုပ်တဲ့ သစ်တုံးမျိုးလည်း မဖြစ်စေကြနဲ့"

မြတ်စွာဘုရားက ဒီသစ်တုံးကြီးကို ကြည့်ပြီးတော့ ရဟန်းတွေကို နိဗ္ဗာန်သွားဖို့ ဦးတည်ပြီးတော့ ဘာတွေ လုပ်ရမယ် ဆိုတာကို ကမ္မဋ္ဌာန်းပေးတာပဲ။ ဟုတ်ကဲ့ လား။ ဒါဟာ ကမ္မဋ္ဌာန်းပေးထားတာ ဖြစ်တယ်။ ဘယ်လို ကမ္မဋ္ဌာန်း ရှုရမှာတုန်းဆိုရင် **သမ္မာဒိဋ္ဌိ** နဲ့ပဲ သွားမှာပဲ။ မှန်ကန်တဲ့ အမြင်တစ်ခုနဲ့ သွားတာပဲလေ၊ အဲဒီ **မဂ္ဂင် (၈)ပါး** နဲ့ မှန်ကန်တဲ့ အတွေးတွေကို တွေးလိုက်ပြီ၊ မှန်ကန်တဲ့ အမြင်ဆိုတဲ့ **သမ္မာဒိဋ္ဌိ**ကို ရမယ်။ မှန်မှန် ကန်ကန် ကြိုးပမ်းအားထုတ်မှုဆိုတဲ့ **သမ္မာဝါယာမ**၊ အဲဒီတော့ မှန်မှန်ကန်ကန် အမှတ်ရခြင်းဆိုတဲ့ **သမ္မာ သတိ**၊ မှန်မှန်ကန်ကန် စိတ်တည်ငြိမ်ခြင်းဆိုတဲ့ **သမ္မာ သမာဓိ**၊ ကိုယ်ကျင့်သီလလို့ဆိုတဲ့ အခြေအနေကောင်း အဲဒါတွေကို စုပေါင်းလိုက်တဲ့ အခါ **မဂ္ဂင်ရှစ်ပါး**ပဲပေါ့။ **မဂ္ဂင်ရှစ်ပါး**နဲ့ အလုပ်လုပ်လို့ရှိရင် ဟောဒီ သစ်တုံးကြီးဟာ ချောချောမွေ့မွေ့ ပင်လယ်ထဲကို ရောက်သွားသလိုပဲ သင်တို့ တတွေဟာလည်းပဲ နိဗ္ဗာန်ကို ဦးတည်သွားနေပြီး

တစ်ချိန်ကြရင် နိဗ္ဗာန်ကိုဝင်သွားမှာပဲလို့ ဒီလို ဟောတာ နော်။

အဲဒီလို မြတ်စွာဘုရားက ဂင်္ဂါမြစ်ကြီးကို လက်ညှိုး ထိုးကာ သစ်တုံးကြီးကိုပြပြီး ဟောနေတဲ့အချိန်မှာ နန္ဒဆိုတဲ့ နွားကျောင်းသားက အဲဒီနားကို မယောင် မလည်နဲ့ ရောက်လာပြီး ဘုရားဟောတာကို နားထောင် နေတယ်။ သစ်တုံးကြီးအကြောင်းကို ပြောနေတာ နားထောင်နေတယ်။ အေးအေးဆေးဆေးကြီး နားထောင်ပြီးတော့ မှတ်သားတယ်ပေါ့။

မြတ်စွာဘုရားက တရားလည်း အဆုံးသတ်လိုက် ရော နန္ဒဆိုတဲ့ နွားကျောင်းသားဟာ သူ့နွားအုပ်ကြီးနဲ့ မလှမ်းမကမ်း ဘုရားရှေ့မှာဒူးထောက်ပြီး "အရှင်ဘုရား တဲ့၊ တပည့်တော်က ဟိုဘက်ကမ်းလည်း မကပ်ပါဘူး၊ ဒီဘက်ကမ်းလည်း မကပ်စေရပါဘူး၊ ရေလယ်ခေါင် လည်း တပည့်တော် မမြုပ်စေရပါဘူး၊ သောင်လည်း မတင်စေရပါဘူး၊ လူဆယ်တာလည်း တပည့်တော် မခံပါဘူး၊ နတ်ဆယ်တာလည်း တပည့်တော်မခံပါဘူး၊

ဝဲလည်း အစုပ်မခံစေရပါဘူး၊ တပည့်တော် အတွင်း ပုပ်ဆွေးနေတဲ့ ကိုယ်ကျင့်သီလပျက်ပြားတဲ့ ပုဂ္ဂိုလ်လည်း မဖြစ်စေရပါဘူး။ တပည့်တော် ရဟန်းဘဝကို ကူးပါ ရစေ ခွင့်ပြုပါဘုရား"လို့ လျှောက်တယ်။

ရဟန်းတွေ တရားထူးရတယ် မရဘူး မပြော တတ်ဘူး။ အဲဒီ နွားကျောင်းသား တစ်ယောက်တော့ တရားထူးရသွားတယ်။ မြတ်စွာဘုရားက "မင်းနွားတွေ ပိုင်ရှင်ကို သွားအပ်လိုက်ဦး"တဲ့။ သူက အခစား နွား ကျောင်းသားကိုးနော်၊ အဲဒီအခါမှာ သူကဘာပြော တုန်းဆို သွားအပ်ရမှာကို တာဝန်ကြီးတစ်ခု ဖြစ်နေ တယ်။ အချိန်မဖြုန်းနိုင်တော့ဘူး။ ဘုရားကို ဘယ်လို လျှောက်တုန်းဆိုတော့ "အရှင်ဘုရား၊ နွားအုပ်ကြီးက အချိန်တန်တော့ အိမ်ပြန်ကြမှာပါ ဘုရား" တဲ့။ မြတ်စွာ ဘုရားက "မဟုတ်ဘူး၊ ကိုယ့်တာဝန်ရှိတယ်၊ အပ်ရမယ်၊ အပ်ပြီးမှ သင်္ကန်းဝတ်ပေးမယ်" ဆိုတော့ သူက ကပျာကယာ မြန်မြန်သွားပြီး နွားတွေရေတွက်ပြီးတော့ ပိုင်ရှင်ကို အပ်ထားခဲ့တယ်။ ပြီးတော့မှ ဘုရားဆီကို

ပြန်လာပြီးတော့ သာသနာ့ဘောင်ထဲကို အပြီးဝင်သွားခဲ့တယ်။

ဒီမှာလည်း တရားပွဲပြီးလို့ သက်န်းလာဝတ်မယ့်သူများ ရှိမလား မသိဘူးနော်။ နန္ဒဆိုတဲ့ နွားကျောင်းသားလေးဟာ မြတ်စွာဘုရားရဲ့ သာသနာမှာ သင်္ကန်းဝတ်ပြီးတော့ သစ်တုံးကြီး ဥပမာလိုပဲ ဟိုဘက်ကမ်းလည်း မတင်အောင် သူကြိုးစားခဲ့တယ်။ ဘာနဲ့ ကြိုးစားတုန်း မဂ္ဂင်ရှစ်ပါးနဲ့၊ ဒီဘက်ကမ်းလည်း မတင်အောင် သူကြိုးစားခဲ့တယ်၊ သောင်မတင်ရအောင် ကြိုးစားတယ်၊ လူဆယ်မခံရအောင်၊ နတ်ဆယ်မခံရအောင်၊ ဝဲစုပ်မခံရအောင် ကြိုးစားတယ်၊ ကိုယ်ကျင့်သီလနဲ့ ပြည့်ဝပြီး အတွင်းပုပ် မဖြစ်ရအောင် ကြိုးစားလိုက်တာ မကြာခင်မှာ ရဟန္တာဖြစ်သွားပါတယ်တဲ့။

ဒါကြောင့်မို့ တရားချစ်ခင် သူတော်စင် ပရိသတ်အပေါင်းတို့သည် **ဒါရုက္ခန္ဓောပမသုတ်** အနှစ်ချုပ်ကို ဘုန်းကြီးတို့တတွေက **နိဗ္ဗာန်သို့ဦးတည်သွားနေသူ** ဆိုတဲ့ ခေါင်းစဉ်နဲ့ ဟောကြားတာဖြစ်ပါတယ်၊ Apply လုပ်တဲ့

နည်းနဲ့ ဟောကြားထားတာ ဖြစ်ပါတယ်။ ဤအတိုင်း လိုက်နာကျင့်သုံးခြင်းဖြင့် နိဗ္ဗာန်ကို တို့တတွေ ဦးတည်သွားနေတာ။ ဦးတည်သွားနိုင်ဖို့ရာအတွက် ဟိုဘက်ကမ်းလည်း မတင်အောင်၊ ဒီဘက်ကမ်းလည်း မတင်ရအောင်၊ အလယ်မှာလည်း မြုပ်မသွားရအောင်၊ သောင်လည်း မတင်စေရအောင်၊ လူဆယ်တာလည်း မခံရအောင်၊ နတ်ကလည်း အဆယ်မခံရအောင်၊ ဝဲစုပ်မခံရစေဖို့နဲ့ အတွင်းပုပ် မဖြစ်ရလေအောင် ကိုယ်ကျင့်သီလနဲ့ ပြည့်ဝစေဖို့ သတိထားပြီးတော့ ကိုယ်စီကိုယ်စီ ကြိုးစားအားထုတ်ကြမယ်လို့ အဓိဋ္ဌာန်ပြီး အားလုံး နိဗ္ဗာန်သို့ ဦးတည်ကာ ကြိုးစား အားထုတ်နိုင်ကြပါစေကုန်သတည်း။

## ဓမ္မမိတ်ဆွေများသို့

ပါမောက္ခချုပ်ဆရာတော် ဒေါက်တာ အရှင်နန္ဒမာလာဘိဝံသ ဟောကြားအပ်သော တရားများကို အသံမှ စာအဖြစ် စေတနာရှင်များကရေးကူးကာ စာမူများကို ဆရာတော်ကြီး ထံ ပေးပို့ကြပါသည်။ ဆရာတော်ကြီးကိုယ်တိုင် အချိန်ရသမျှ ပြင်ဆင် တည်းဖြတ် ပေးသော စာမူများကို ကုသိုလ်ရှင်များလှူဒါန်းထားသော ဓမ္မစာပေရန်ပုံငွေများ အသုံးပြု လျက် စာအုပ်ငယ်များ ရိုက်နှိပ်ထုတ်ဝေပါသည်။

တရားစာအုပ်များကို တစ်ဆင့် ဓမ္မဒါနပြုလုပ် ဖြန့်ဝေလှူဒါန်းလိုပါက ဖော်ပြပါ ဌာနများသို့ ဆက်သွယ်မှာကြားနိုင်ပါသည်။

~ ~ ~ ~ ~

## ရရှိနိုင်သော ဌာနများ

၁။ အောင်ဇေယျ ပုံနှိပ်တိုက်
အမှတ်(၁၅၂)၊ (၂၂)လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၁-၃၈၄၁၉၃၊ ၀၉၅၁-၄၆၀၉၅

၂။ ဦးဘဖိုး+ဒေါ်အုန်းကြည် ပရဆေးဆိုင်
အမှတ်(၄၆၇၊ ၄၆၈)၊ သိမ်ကြီးဈေး(ဒီ)ရုံ၊မြေအောက်ထပ်။
ဖုန်း ၀၁-၂၄၀၆၀၀(လိုင်းခွဲ) ၄၁၇၄

၃။ ဓမ္မဗျူဟာ သာသနမာမကအဖွဲ့
လူပုဂ္ဂိုလ်များဆိုင်ရာဓမ္မစာပေသင်တန်းကျောင်း
ကြားတောရလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၁-၃၈၀၈၈၀

၄။ အပြည်ပြည်ဆိုင်ရာ အဘိဓမ္မာတက္ကသိုလ်
ကမ္ဘာအေးစေတီဝင်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း ၀၁-၆၅၅၇၅၆၊ ၀၁-၆၅၁၇၆၉

## အရှင်နန္ဒမာလာဘိဝံသ ၏ ထုတ်ဝေပြီး ဓမ္မစာအုပ်များ

- အဘိဓမ္မာ မြတ်ဒေသနာ(ပ+ဒု တွဲ)
- နိယျာနိကသာသနာနှင့် မြတ်ဒေသနာများ

၁။ နိဗ္ဗာန်တံခါးကြီး ဖွင့်တော်မူပါ
၂။ မဟာသတိပဋ္ဌာနသုတ် အနှစ်ချုပ်
၃။ ဘဝအသွင်ကို ဓမ္မအမြင်ဖြင့် ရှုကြည့်ခြင်း
၄။ ဘဝခရီးဝယ် ရွေးချယ်ရမည့်လမ်း
၅။ သူတော်ကောင်းတို့၏ စိတ်နေသဘောထား
၆။ ဘဝအရေး စိတ်အေးရလေအောင်
၇။ ဓမ္မကြေးမုံ
၈။ တောင်ပို့ထဲက ရတနာ
၉။ မြတ်သောဥစ္စာ စုဆောင်းပါ
၁၀။ သမထနှင့် ဝိပဿနာ
၁၁။ ရောဂါကုစား စိတ်စွမ်းအား
၁၂။ ရှစ်ယောက်နှင့်တစ်ယောက်
၁၃။ မိတ်ကောင်းဆွေကောင်း
၁၄။ မေတ္တာနှလုံး အစဉ်သုံး
၁၅။ လူဖြစ်ကျိုးနပ်ပါစေ
၁၆။ မေတ္တသုတ်အနှစ်ချုပ်
၁၇။ ဘဝဆည်းဆာ ကရုဏာ
၁၈။ ဥပုသ်စောင့်ခြင်း အဓိပ္ပါယ်
၁၉။ ဓမ္မမှတ်ကျောက်

၂၀။ မွေအာသိဖြင့် အကျိုးရှိရှိနေမည်
၂၁။ နှစ်ဦးကာလ မွေလက်ဆောင်
၂၂။ မြတ်ဗုဒ္ဓဒေသနာနှင့် ယနေ့ကမ္ဘာ
၂၃။ ယနေ့လူသားများရဲ့ မနက်ဖြန်ကမ္ဘာ
၂၄။ မင်္ဂလာသုတ်အနှစ်ချုပ်
၂၅။ သာရဏီယတရား
၂၆။ ရသတဏှာ
၂၇။ မွေဗျူဟာသင်တန်းသားများ၏ မေးခွန်းများကိုဖြေဆိုခြင်း
၂၈။ သေချာသောလမ်းမှ လျှောက်လှမ်းပါ
၂၉။ မဟာဒါန
၃၀။ စိတ်၏ထွက်ပေါက်များ
၃၁။ ဖြစ်နိုင်တာနှင့် မဖြစ်နိုင်တာ
၃၂။ အရှင်အာနန္ဒာ၏ ဝိပဿနာ
၃၃။ န စ သော၊ န စ အညော
၃၄။ လူတိုင်းကျင့်ရန် သတိပဋ္ဌာန်
၃၅။ စိတ်၏အတွေးများ
၃၆။ ဥပါဒါနပစ္စယာဘဝေါ
၃၇။ သတိမဂ္ဂါ အသိပညာဖြင့် နေထိုင်ခြင်း
၃၈။ အတ္တာဟိအတ္တနောနာထော
၃၉။ ဗောဇ္ဈင်္ဂသုတ် အနှစ်ချုပ်
၄၀။ ဟောသူ နာသူ စိတ်ထားဖြူ
၄၁။ ၁၂-နှစ်ကြာ အဖြေရှာခဲ့ရသော မေးခွန်းများ
၄၂။ လွတ်မြောက်တဲ့စိတ်

၄၃။ ကုသိုလ်ဖြစ်အောင် သတိဆောင်
၄၄။ ခန္ဓသုတ်အနှစ်ချုပ်(အန္တရာယ်ကာကွယ်ခြင်း)
၄၅။ တရားသိလျက် အကျင့်ခက်
၄၆။ ကူဗြိယဘာဝနာ မြတ်ဒေသနာ
၄၇။ သံသရာခရီးသွား အမှားမလုပ်မိစေနှင့်
၄၈။ ဟိုဘက်ကမ်းက ငြိမ်းချမ်းတယ်
၄၉။ ရတနသုတ်အနှစ်ချုပ်
၅၀။ လောကဓံမုန်တိုင်းများနှင့် ကြံ့ခိုင်သည့်စိတ်ထား
၅၁။ ဘုရားသော်မှပေးဆပ်ရသည့် ကံကြွေးဝင့်ကြွေးများ
၅၂။ အထင်များ အမြင်များ
၅၃။ ဓာတုဝိဘင်္ဂသုတ် အနှစ်ချုပ်
၅၄။ ယှဉ်ပြိုင်ခြင်း၏ နိဂုံး
၅၅။ နန္ဒီ ဒုက္ခသာ မူလံ
၅၆။ စိတ်၏အညစ်အကြေးများကို ဖယ်ရှားခြင်း
၅၇။ အားပေးစကား
၅၈။ ပုဗ္ဗဏှသုတ် အနှစ်ချုပ်
၅၉။ ဘောသဇ္ဇဂုရု
၆၀။ နိဗ္ဗာန်သို့ ဦးတည်သွားနေသူ